အစ္စလာမ်နှင့် လူနည်းစု အခွင့်အရေး

အကယ်၍ မွတ်ဆလင် လူများစု နေထိုင်သည့် ဒေသ (တိုင်းပြည်၊ နိုင်ငံ) ဖြစ်လျှင် လူနည်းစု ဖြစ်သည့် အခြား ဘာသာဝင်တို့အား ကျေးကျွန်ဘဝ မဖြစ်စေရစေရန် တရားစီရင်ရေးမှ အစ ၎င်းတို့၏ ဘာသာတရား ဥပဒေဖြင့်သာ ဆုံးဖြတ်စီရင်ခွင့် ရှိစေရမည် ဖြစ်သည်။ ထိုလူနည်းစုတို့ အပေါ် မတရားသဖြင့် ဆုံးဖြတ်စီရင်ခြင်းအား ဝင်ရောက်စွက်ဖက်ခွင့် မရှိပေ။

အကယ်၍ သူတို့၏ တရားစီရင်ရေးအား သဘောမကျ မကျေမနပ် ဖြစ်၍ အစ္စလာမ့် တရားစီရင်ရေးဖြင့် ဆုံးဖြတ်စေရန် အပ်နှံလာလျှင်လည်း တရားမျှတစွာပင် ဆုံးဖြတ်စေရမည် ဖြစ်သည်။ ၎င်းကို-

"မယုံကြည်သူများ၊ မုသားကိုသာ နားစွင့်သူများ၊ တားမြစ်သည်ကို စားသုံးသူများ- သင့်ထံသို့ ရောက်လာလျှင်- သူတို့ကြား၌ ဆုံးဖြတ်ပေးလော့၊ သို့မဟုတ် သူတို့ထဲ၌ ဝင်မစွက်ဘဲနေလော့၊ သို့ ဝင်မစွက်ခြင်းကြောင့် သင့်အား တစ်စုံတစ်ရာ ထိခိုက်စေမည် မဟုတ်ချေ။ အကယ်၍ ဆုံးဖြတ်ပေးလျှင် သူတို့ကြား၌ တရားမျှတစွာ ဆုံးဖြတ်ပေးလော့၊ အလ္လာဟ်အရှင်သည် တရားမျှတ သူတို့အား နှစ်သက်တော်မူ၏။" ၅း၄၂

ဤနေရာတွင် မုသားကိုသာ နားစွင့်သူများ - ဟု သုံးထားသောကြောင့် အခြားဘာသာ တစ်ခုအား စော်ကားသည်ဟု မမြင်စေလိုပါ။ မုသားကိုသာ နားစွင့်သူများ ဆိုသည်မှာ အခြား ဘာသာတစ်ခုအား တိတိကျကျ သက်ဝင်သူအား မဆိုလိုပါ။ ၎င်းကို- ၎င်းတို့ကိုယ်တိုင်က ဂျူးတို့၏ တိုရာဟ်ကျမ်းကို မလိုက်နာ သူများ၊ ခရစ်ယာန်တို့၏ ဧဝံဂလိကျမ်းအား မလိုက်နာသူများ ဖြစ်ကြောင်း- ၅း၄၃- ၄၇ တွင် ဆက်လက် ဖော်ပြထား ပေသည်။ ဆိုလိုသည်မှာ ဂျူးဟု ခံယူလျှင် ဂျူးတို့၏ ဓမ္မသတ်ကျမ်းပါ ဥပဒေတို့ဖြင့် ဆုံးဖြတ်ခြင်းကို ခံယူရမည်။ ခရစ်ယာန်ဟု ခံယူလျှင် ခရစ်ယာန်တို့၏ ဧဝံဂလိကျမ်းပါ ဥပဒေ ပြဋ္ဌာန်းချက်များဖြင့် ဆုံးဖြတ်ခြင်းကို ခံယူရမည်။ သို့မဟုတ်လျှင် ထိုသူတို့သည် မိမိမှာ ခံယူသည်ဟု ရင့်ကျူးသော သာသနာ တစ်ခုအား မုသားပြု သူများ ဖြစ်သည်ဟု ကုရ်အာန်ကျမ်းပါ ဥပဒေမှ ဆိုလိုသည်။

အကယ်၍ ပြည်ထောင်စု တစ်ခု အဖြစ်ဖွဲ့စည်းသည့် တိုင်းနိုင်ငံ တစ်ခု ဖြစ်လျှင်- လူနည်းစုတို့အား လွှတ်တော်တွင် နေရာပေး၍ တိုင်းရေးပြည်ရေး အရေးကိစ္စများ ဆုံးဖြတ်ရာတွင် ထိုလူနည်းစုများဖြင့် ဆွေးနွေး နီးနှောရမည် ဖြစ်ပြီး- လူနည်းစုတို့အား ကျေးကျွန်သဖွယ်ပြုမူလျှက် အရေးမစိုက် နေရာမပေးဘဲ ထားခြင်းသည် ကိုလိုနီပြု ကျေးကျွန်သဖွယ် ပြုမူခြင်းသာ ဖြစ်သည်။ ၎င်းကို-

"အကယ်၍ သင်သည် သဘောထားပြင်းထန်သူ၊ အာဃာတကြီးသူ ဖြစ်ခဲ့လျှင် သူတို့သည် သင်၏ အနီးမှ ခွာသွားကြလတံ့၊ သို့ဖြစ်၍ သူတို့အား ခွင့်လွှတ်၍ သူတို့အတွက် လွတ်ငြိမ်းဆုကို တောင်းဆိုလော့၊ အရေးကိစ္စ များ၌ သူတို့ဖြင့် တိုင်ပင်ဆွေးနွေးလော့၊ ၃း၁၅၉။

ဆိုလိုသည်မှာ လူများစုအား ဦးဆောင်သည့် ခေါင်းဆောင်သည် သဘောထား ပြင်းထန်သူ၊ အာဃာရင် ဆန်သူ ဖြစ်လျှင် မည်သည့် လူနည်းစုသည်မှ ကျေးကျွန်ခံယူလျှက် အတူနေလိုမည်၊ ပြည်ထောင်စု ဖွဲ့စည်းလိုမည်

မပဟုတ်ပေ။ သီးခြားလွတ်လပ်သော ခွဲထွက်နိုင်ငံထူရေး၊ သီးခြား အချုပ်အခြာဖြင့် နေထိုင်ရေးကိုသာ ဦးတည်ပေလိမ့်မည်။ ထို့ကြောင့် လူနည်းစုတို့အား နားလည်တတ်ရန်၊ သဘောထားကြီးရန်၊ ခွင့်လွှတ်ပေးလျှက် မိမိဘက်မှ အနစ်နာခံကာ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်နှင့် တိုင်းရေးပြည်ရေး ကိစ္စများတွင် သူတို့သည်လည်း ဆုံးဖြတ်ပိုင်ခွင့် ရှိသူများ ဖြစ်စေရမည် ဖြစ်သည်။

ဤသည် ကုရ်အာန်မှ ပြဌာန်းပေးသော လူနည်းစု အခွင့်အရေး ဆိုင်ရာ ကျင့်ထုံး ဥပဒေများမှ အချို့အဝက်အား တင်ပြပေးခြင်း ဖြစ်သည်။

၂၀၁၄ ခု ဩဂုတ်လ ၁၀ ရက်

ဒိသာ ပါမောက္ခ